TrustWorthy

# “အကောင်းဖြစ်လာမည်ဆိုသော မျှော်လင့်ချက်ဖြင့် ဦးဆောင်မှုပြုခြင်း” ဆောင်းပါးအကျဉ်းချုပ်

ခေါင်းဆောင်တွေအနေဖြင့် အတိုင်းမသိ ခက်ခဲဆင်းရဲမှုတွေ ပျံ့နှံ့နေတဲ့ ကာလများအတွင်း အကောင်းမြင်ခြင်းအကြောင်း သို့ မျှော်လင့်ချက်အကြောင်း ဘယ်လောက်အထိ ပြောဆိုသင့်ပါသလဲ။ ထိုအရာက သင့်ရဲ့ဝန်ထမ်းတွေနဲ့ အသိုင်းအဝန်းတွေအတွက် အပေါ်ယံသဘောမျိုးသာ ဖြစ်နေပါသလား။

Shawn Achor နှင့် Michelle Gielan တို့ ပြုစုထားတဲ့ သုတေသန လေ့လာချက်တစ်ခုမှာတော့ “ခေါင်းဆောင်တွေအနေဖြင့် အပြုသဘောဆောင်တဲ့ အကျင့်ရှိစေဖို့ တက်တက်ကြွကြွ လုပ်ဆောင်သင့်တဲ့ အံကိုက်အဖြစ်ဆုံးအချိန်ကတော့ ဆုတ်ယုတ်နေတဲ့ သို့ စိန်ခေါ်မှုတွေပြည့်နေတဲ့အချိန် ဖြစ်ပါတယ်၊ ထိုအရာက အသင်းအဖွဲ့တွေအနေနဲ့ ထိခိုက်နစ်နာမှုမရှိဘဲ ခက်ခဲတဲ့အခြေအနေကို ရင်ဆိုင်ကျော်လွှားနိုင်ဖို့ အထောက်အကူဖြစ်စေမှာပါ။” လို့ ကောက်ချက်ချထားပါတယ်။

ဘဏ္ဍာရေးဆိုင်ရာ အကြပ်အတည်းတစ်ခုနဲ့ ကြုံတွေ့နေရတဲ့ အဖွဲ့အစည်းတစ်ခုအတွက် အလုပ်လုပ်ပေးနေသော သုတေသနပညာရှင်များက အကြီးအကဲတွေကို ၎င်းတို့ဝန်ထမ်းတွေအား ချီးကျူးပေး၊ အသိအမှတ်ပြုပေးတာမျိုး၊ ပုံမှန်အချိန်ဇယားလုပ်ပြီး နေ့လည်စာကျွေးမွေးပေးတာမျိုး သို့ ခွန်အားဖြစ်စေတဲ့ မှတ်စုတိုလေးတွေ ဝေမျှပေးတာမျိုး အစရှိတဲ့အရာတွေကို ထည့်သွင်းလုပ်ဆောင်ပေးဖို့ တိုက်တွန်းထားပါတယ်။

ရက်သတ္တပတ် (၆)ပတ်အကြာမှာ စာရေးသူတွေက အဆိုပါ “အပြုသဘောဆောင်တဲ့ စိတ်ပိုင်းဆိုင်ရာအတွက် ထည့်သွင်းစဉ်းစားပြီး ဆောင်ရွက်ပေးမှု” တွေဟာ အပေါင်းလက္ခဏာဆောင်တဲ့ အကျိုးသက်ရောက်မှုတွေ ရှိခဲ့သလား ဆိုတာကို အကဲဖြတ် တွက်ချက်ခဲ့ပါတယ်။ အကြပ်အတည်းတွေ ဆက်လက်ဖြစ်ပွားနေသော်လည်းပဲ ၆၂ ရာခိုင်နှုန်းလောက်က လုပ်ငန်းခွင်မှာ ပျော်ရွှင်ကြတယ်လို့ ဖြေဆိုထားတာကို သိရှိရပြီး ထိုဆောင်ရွက်ပေးမှုလုပ်ငန်းတွေ မစခင်မှာတော့ ၄၃ ရာခိုင်နှုန်းလောက်သာ ရှိခဲ့တယ်ဆိုတာကို တွေ့ရှိခဲ့ကြပါတယ်။ ဝန်ထမ်းတွေအလုပ်မှာ ပင်ပန်းနွမ်းနယ်မှုတွေ၊ စိတ်ဖိအားမြင့်တက်မှုတွေဟာ သိသိသာသာ ကျဆင်းသွားတယ်ဆိုတာ သိရှိရပါတယ်။ စာရေးသူတို့က ထိုသုတေသနလေ့လာချက်မှ တွေ့ရှိရတဲ့ သင်ခန်းစာ (၃)ချက်ကို အောက်ပါအတိုင်း ဝေမျှပေးထားပါတယ်။

၁။ **ထိပ်ဆုံးမှနေ၍ အများအတွက် စံပြဖြစ်နေပါစေ။** ခေါင်းဆောင်များအနေဖြင့် စိန်ခေါ်မှုတွေပြည့်နေတဲ့ အချိန်ကာလများတွင်တောင် ၎င်းတို့ရဲ့အပြုသဘောဆောင်တဲ့ စိတ်ထားနဲ့ ပတ်သက်ပြီး စစ်မှန်မှုရှိရမှာ ဖြစ်ပါတယ်။ သင့်ရဲ့လူတွေဟာ အရေးပါကြောင်း ပြသပေးခြင်းအားဖြင့် သူတို့တွေဟာ သင့်ရဲ့အကြီးမားဆုံးသော တန်ဖိုးရှိတဲ့ သူတွေဖြစ်လာဖို့ သင်ပြောတဲ့အတိုင်း ဆက်လုပ်ပေးပါ။

၂။ **ဝန်ထမ်းတွေကို ပြောင်းလဲဖို့ မတောင်းဆိုခင်မှာ သူတို့တွေချိတ်ဆက်နိုင်ဖို့ ကူညီပါ။** လူအများစုဟာ အပြောင်းအလဲကို ကြောက်ရွံ့ကြပါတယ်။ စာရေးသူတွေက အဖွဲ့အစည်းတစ်ခုလုံးအတွင်း အပြုသဘောဆောင်တဲ့ စိတ်နေစိတ်ထားကို ဖန်တီးပေးဖို့လိုအပ်ကြောင်းကို အသားပေးပြောဆိုထားပါတယ်။ ၄င်းတို့ရဲ့သုတေသန လေ့လာချက်အရ" အပြုအမူတွေနဲ့ စိတ်နေသဘောထားတွေ အပြုသဘောဆောင်တဲ့ အလေ့အကျင့်ရှိလာဖို့အတွက် ထိုအရာကို အုပ်စုလိုက် အတူတကွ ကျင့်သုံးလုပ်ဆောင်ကြတဲ့အခါ ထိုအလေ့အကျင့်ကို ပို၍အားကောင်းဖို့ ဖြစ်စေတယ်" လို့ ဆိုထားပါတယ်။ အသင်းအဖွဲ့တွေမှာ ကောင်းမွန်တဲ့ အကျင့်စရိုက်တွေ၊ လုပ်ရိုးလုပ်စဉ် အသစ်အဆန်းတွေနှင့် အလေ့အထ အသစ်တစ်ခု ပေါ်ပေါ်လာဖို့၊ အားကောင်းလာစေဖို့ လုပ်ဆောင်နိုင်တဲ့ စွမ်းအားရှိပါတယ်။

၃။ **ဝန်ထမ်းတွေရဲ့ ပုံမှန်တာဝန် တစ်စိတ်တစ်ပိုင်းကို ပြောင်းလဲမှုလုပ်ပေးပါ။** ခက်ခဲတဲ့အခြေအနေမျိုးတွေမှာ အပြုသဘောဆောင်စေတဲ့ အရာတွေ ပိုမိုအားကောင်းလာစေဖို့နှင့် အပြုသဘောမဆောင်သော အမြင်တွေ ကိန်းအောင်းမနေဖို့ ပိုမိုကြိုးစား၍ လုပ်ဆောင်ပါ။ အောင်မြင်မှုတွေကို အောင်ပွဲခံခြင်း၊ ကျေးဇူးတင်တတ်ခြင်း၊ သင်၏လုပ်ငန်းခွင်နှင့် အသိုင်းအဝန်းမှာ အပြုသဘာဆောင်တဲ့ ပတ်ဝန်းကျင်တစ်ခု တိုးပွားလာစေခြင်း စတာတွေကို ဆောင်ရွက်ပေးနိုင်ဖို့ ဖန်တီးပေးပါ။

၄င်းတို့ရဲ့သုတေသနတွင် Shawn Achor နှင့် Michelle Gielan တို့ က ဝန်ထမ်းတွေရော အလုပ်အပ်သူတွေပါ အပြုသဘောင်ဆောင်တဲ့ လုပ်ဆောင်ချက်များကနေ အကျိုးရရှိကြတယ်လို့ ဆိုထားပါတယ်။ သင်သာ အောင်မြင်မှုတွေကို အတူတကွ ကျင်းပအောင်ပွဲခံတာ၊ မျှော်လင့်ချက်တွေ မျှဝေတာနဲ့ ပူးပေါင်းဆောင်ရွက်မှုတွေကို အားပေးမယ်ဆိုရင် သင့်လုပ်ငန်းခွင်နဲ့ အသိုင်းအဝိုင်းအတွက် ဘယ်လိုဓလေ့တစ်ခု ဖန်တီးပေးနိုင်မလဲဆိုတာ မြင်ယောင်ခံစားကြည့်ပါ။

ဆောင်းပါးအပြည့်အစုံကို အောက်ပါလင့်ခ်တွင် ဖတ်ရှုနိုင်ပါသည်။
https://hbr.org/2020/06/what-leading-with-optimism-really-looks-like

###

**DeBoer Fellowship အကြောင်း**

DeBoer Fellowship သည် မြန်မာ့လူမှုအသိုင်းအဝိုင်းရှိ ကဏ္ဍပေါင်းစုံတွင် အပြောင်း အလဲကို ဖော်ဆောင်လိုသော ခေါင်းဆောင်များ ပေါ်ပေါက်လာရေးအတွက် ပံ့ပိုးပေးလိုသော အဖွဲ့အစည်း တစ်ခုဖြစ်ပါသည်။ နှစ်စဉ်နှစ်တိုင်း ပြုလုပ်ကျင်းပနေသော သင်တန်းစဉ်နှင့် အခြားလူအများနှင့်ဆိုင်သော အစီအစဉ်များမှတစ်ဆင့် DeBoer Fellowship သည် ကျွမ်းကျင်တတ်မြောက်၊ စာနာထောက်ထားတတ်ပြီး ကျင့်ဝတ်နှင့် ပြည့်ဝသော ခေါင်းဆောင်များအား လေ့ကျင့်သင်ကြားပေးကာ ကြီးပွားတိုးတက်သော မြန်မာပြည်ကြီး ဖြစ်စေပါလာရန် ရည်ရွယ်၍ လုပ်ဆောင်လျှက်ရှိပါသည်။ DeBoer Fellowship အကြောင်း ပိုမိုသိရှိလိုပါက (သို့) သင်တန်းလျှောက်ထားခြင်းနှင့် ပတ်သက်၍ သိရှိလိုပါက www.deboerfellowship.org တွင် ဝင်ရောက် ကြည့်ရှုနိုင်ပါသည်။